


၁၉၉

လူတစ်ယောက် လမ်းလျှောက်သွားရင်း တောင်စွန်းပေါ်က ချော်ကျရာ သစ်ကိုင်းတစ်ခု ဆွဲမိ၍ တန်းလန်းကြီး ဖြစ်နေ၏။ အောက်သို့ ကြည့်လိုက်ရာ ချောက်ကမ်းပါးကြီး တွေ့ရ၏။ ကြောက်အားလန့်အားနှင့် 'ကယ်ကြပါဦး၊ အပေါ်မှာ ဘယ်သူများ ရှိသလဲ'

အသံနက်ကြီးတစ်ခုက 'ငါ အပေါ်မှာ ရှိသည် သားတော်'ဟု ဖြေ၏။

'ခင်ဗျား ဘယ်သူလဲ'

'သင့်ဘုရားသခင်'



'ကျွန်တော့်ကို ကယ်နိုင်မလား'

'သေချာတာပေါ့၊ သစ်ကိုင်းကို လက်လွှတ်လိုက် အောက်တနေ ဖမ်းလိုက်မယ်'

ထိုလူက အတန်ငယ် စဉ်းစား၍ ထပ်အော်ဖြန်သည်မှာ

'အပေါ်မှာ တခြား ဘယ်သူများ ရှိသေးလဲ'

၂၀၀

ဇနီး - 'နံရံပေါ်က နာရီကြီး ပြုတ်ကျလို့ နည်းနည်း လေးသာ စောရင် ကျွန်မ အမေ ခေါင်းပေါ် တည့်တည့်ကျမှာ'

လင် - 'ဟုတ်လား ဒီနာရီကြီး လွှင့်ပစ်မှပဲ၊ အမြဲတမ်းကို နောက်ကျတယ်'

